ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကချင်ပြည်နယ်လွှတ်တော်

# ကချင်ပြည်နယ်
# စာကြည့်တိုက်နှင့်ပြတိုက်များ ဥပဒေ

## မာတိကာ

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | ရည်ရွယ်ချက်များ | ၃ |
| ၃။ | ကော်မတီဖွဲ့စည်းခြင်း | ၄ |
| ၄။ | ကော်မတီ၏ လုပ်ငန်းတာဝန်များ | ၄ |
| ၅။ | မှတ်ပုံတင်သက်သေခံလက်မှတ် လျှောက်ထားခြင်း | ၅ |
| ၆။ | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၆ |
| ၇။ | အယူခံဝင်ခြင်း | ၇ |
| ၈။ | တားမြစ်ချက်များ | ၇ |
| ၉ | ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၈ |
| ၁၀။ | အထွေထွေ | ၉ |

# ကချင်ပြည်နယ် စာကြည့်တိုက်နှင့် ပြတိုက်များဥပဒေ

(၂၀၁၅ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁။)

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်**

**(၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက်)**

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကချင်ပြည်နယ်စာကြည့်တိုက်နှင့် ပြတိုက်များဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ကချင်ပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ကချင်ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ကချင်ပြည်နယ်လူမှုရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(စ) **ပြည်နယ်ဦးစီးဌာနမှူး** ဆိုသည်မှာ ကချင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ဝန်ထမ်းအကြီးအမှူးကို ဆိုသည်။

(ဆ) **ခရိုင်ဦးစီးဌာနမှူး** ဆိုသည်မှာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးကို ဆိုသည်။

(ဇ) **မြို့နယ်ဦးစီးဌာနမှူး**ဆိုသည်မှာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှူးကို ဆိုသည်။

(ဈ) **စာကြည့်တိုက်** ဆိုသည်မှာ ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် အများပြည်သူတို့ စာပေဖတ်ရှုရန် သို့မဟုတ် စာပေငှားရမ်းရန် ဖွင့်လှစ်ထားသည့် သို့မဟုတ် ထားရှိသည့်နေရာ သို့မဟုတ် အဆောက်အအုံကိုဆိုသည်။ ထို့ပြင် ထိုစကားရပ်တွင်အများ ပြည်သူတို့အတွက် ရည်ရွယ်၍ ဖွင့်လှစ် ထားသည့် စာကြည့်တိုက်၊ ပိဋကတ်တိုက်၊ စာကြည့်ခန်း၊ စာဖတ်ခန်း၊ စာကြည့်အသင်းနှင့် အများပြည်သူတို့ စာပေဖတ်ရှုရန် သို့မဟုတ် ငှားရမ်းရန် ရည်ရွယ်ချက်များဖြင့်ဖွင့်လှစ်ထားသည့် သို့မဟုတ် စာကြည့်တိုက် အဖြစ် အသိအမှတ်ပြုထားသည့် အခြားအလားတူနေရာ၊ အခန်း သို့မဟုတ် အဆောက်အအုံများလည်း ပါဝင်သည်။

(ည) **ပြတိုက်** ဆိုသည်မှာ ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် အများပြည်သူတို့ လေ့လာကြည့်ရှုရန် ရည်ရွယ်၍ ရှေးဟောင်းပစ္စည်းများ၊ လောကဓာတ်သိပ္ပံဆိုင်ရာပစ္စည်းများ၊ အနုပညာလက်ရာများ၊ စာပေများ သို့မဟုတ် ဗဟုသုတဖြစ်စေဖွယ်ရာ သို့မဟုတ် စိတ်ဝင်စား ဖွယ်ရာ အခြားဝတ္ထုပစ္စည်းများ ခင်းကျင်းပြသထားသည့်နေရာ၊ အခန်း သို့မဟုတ် အဆောက်အဦများကိုဆိုသည်။

(ဋ) **စာပေ** ဆိုသည်မှာ မည်သည့်ဘာသာဖြင့်မဆို ရေးသားထားသည့် သို့မဟုတ် ပုံနှိပ် ထားသည့် လက်ရေးစာ၊ ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ ပုံနှိပ်စာ၊ စာအုပ်၊

စာအုပ် အစိတ်အပိုင်း၊ စာတမ်း၊ စာရွက်အပြင် တသီး တခြား ချုပ်လုပ်ပုံနှိပ်ထားသည့်သို့မဟုတ် ကျောက်ပုံနှိပ် ထားသည့် သို့မဟုတ် အခြားနည်းစက်ဖြင့် ပြုလုပ်ထား သည့် တူရိယာ တီးကွက်ပုံ၊ မြေပုံ၊ နယ်ပုံနှင့် ပုံစံအာလုံး ကိုဆိုသည်။

(ဌ) **မှတ်ပုံတင်သက်သေခံလက်မှတ်** ဆိုသည်မှာ စာကြည့် တိုက် သို့မဟုတ် ပြတိုက်ဖွင့်လှစ်ထားရှိရန် ဤဥပဒေအရ ထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူများ ဗဟုသုတရှာဖွေရရှိနိုင်သည့် အဆင့်အတန်း အရည်အသွေးမြင့်မားသော စာကြည့်တိုက်၊ ပြတိုက်များ ပေါ်ထွန်းလာရေးတို့ကိုဆောင်ရွက်ရန်၊

(ခ) စာကြည့်တိုက်၊ ပြတိုက်အသစ်များ တည်ထောင်ဖွင့်လှစ် နိုင်ရန်နှင့် ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် မူဝါဒများ ရေးဆွဲ၍ ဆောင်ရွက်ရန်၊

(ဂ) ပြည်သူများအားလုံး၏ အသိပညာအမြော်အမြင်၊ ကြည် လင်ထက်မြက်သော ဉာဏ်ပညာတို့ဖြင့် စာကြည့်တိုက်နှင့် ပြတိုက်များ အစဉ်ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ရွက်ရန်။

## အခန်း(၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်-

(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်နယ်ဦးစီးဌာနမှူးက အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၏အကြီးအမှူးများ၊ ခတ်ပုံ၊ ပန်းချီ၊ ပန်းပု၊ စာပေပညာရှင်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော ကော်မတီ ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က) အရဖွဲ့စည်းသော ကော်မတီကို အခါအား လျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၄)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စာကြည့်တိုက်၊ ပြတိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် လိုအပ်သော မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) မှတ်ပုံတင်သက်သေခံလက်မှတ် တို့ကိုထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) မှတ်ပုံတင်သက်သေခံလက်မှတ် ရရှိသူတို့လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဃ) မှတ်ပုံတင်သက်သေခံလက်မှတ် သက်တမ်း၊ မှတ်ပုံတင်ခ၊ အသစ်လဲလှယ်ပေးခ၊ ရက်လွန်ကြေးအတွက်ပေးဆောင်ရမည့်အခကြေးငွေများကို သတ်မှတ်ခြင်း၊

(င) မှတ်ပုံတင်သက်သေခံလက်မှတ်အသစ်လဲလှယ်ပေးခြင်း၊

(စ) အစိုးရအဖွဲ့ကအခါအားလျော်စွာပေးအပ်သည့် အခြားတာဝန်များကိုဆောင်ရွက်ခြင်း။

## အခန်း(၅)
## မှတ်ပုံတင်သက်သေခံလက်မှတ် လျှောက်ထားခြင်း

၆။ စာကြည့်တိုက်၊ ပြတိုက်ဖွင့်လှစ်ထားရှိလိုသူတို့သည် သတ်မှတ်ချက်များနှင့်အညီ မြို့နယ်ဦးစီးဌာနမှူးထံသို့ လျှောက်ထားရမည်။

၇။ မြို့နယ်ဦးစီးဌာနမှူးသည် လျှောက်ထားချက်အား သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်၍ ခရိုင်ဦးစီးဌာနမှူးထံသို့ ပေးပို့ရမည်။

၈။ ခရိုင်ဦးစီးဌာနမှူးသည် လျှောက်ထားချက်အား စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ကော်မတီ ထံသို့ ပေးပို့ရမည်။

၉။ ကော်မတီသည် လျှောက်ထားချက်များကိုစိစစ်၍ မှတ်ပုံတင်သက်သေခံလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါကစည်းကမ်းချက်များသတ်မှတ်၍မှတ်ပုံတင်သက်သေခံလက်မှတ် ထုတ်ပေးရမည်။

၁၀။ ဤဥပဒေအရ ထုတ်ပေးသည့်မှတ်ပုံတင်သက်သေခံလက်မှတ်တို့သည် သတ်မှတ်ဖော်ပြထားသည့် ကာလအပိုင်းအခြားအတွင်း အတည်ဖြစ်စေရမည်။

၁၁။ စာကြည့်တိုက်၊ ပြတိုက် ဆက်လက်ဖွင့်လှစ်ထားရှိလိုသူသည် မှတ်ပုံတင်သက်သေခံလက်မှတ်ကို အသစ်လဲလှယ်ပေးရန်သက်တမ်းမကုန်ဆုံးမီရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့် အညီ ကော်မတီသို့ အဆင့်ဆင့် လျှောက်ထားရမည်။

၁၂။ မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိသူသည် သတ်မှတ်ထားသည့် အခကြေးငွေများကိုပေးဆောင် ရမည်။

၁၃။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စာကြည့်တိုက်၊ ပြတိုက်မှတ်ပုံတင် သက်သေခံလက်မှတ်ခ၊ ရက်လွန်ကြေး၊ အသစ်လဲလှယ်ပေးခတို့ကို သတ်မှတ်ပေးရမည်။

၁၄။ ကော်မတီ၏တာဝန်ပေးချက်ဖြင့် ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးတို့သည် စာကြည့်တိုက်နှင့် ပြတိုက်များအား စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိ မရှိ စစ်ဆေး၍ ကော်မတီသို့ တင်ပြရမည်။

## အခန်း(၆)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၁၅။ ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သို့မဟုတ် လိုက်နာရန်ပျက်ကွက်လျှင် ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) မှတ်ပုံတင်သက်သေခံလက်မှတ်ကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေများပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဆက်လက်ဖွင့်လှစ် ပြသခွင့်ပြုခြင်း၊

(ဂ) မှတ်ပုံတင်သက်သေခံလက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) မှတ်ပုံတင်သက်သေခံလက်မှတ်ကို ရုပ်သိမ်းခြင်း။

## အခန်း(၇)
## အယူခံဝင်ခြင်း

၁၆။ ကော်မတီ၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်းအစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၁၇။ အစိုးရအဖွဲ့သည် အယူခံခြင်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ပြန်လည်စိစစ်စေရန် သို့မဟုတ် စစ်ဆေးရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၁၈။ အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၈)
## တားမြစ်ချက်များ

၁၉။ မည်သူမျှမှတ်ပုံတင် သက်သေခံလက်မှတ်မရှိဘဲ စာကြည့်တိုက်၊ ပြတိုက် တည်ထောင် ဖွင့်လှစ်ခြင်း မပြုရ။

၂၀။ မည်သူမျှ မိမိရရှိထားသော မှတ်ပုံတင်သက်သေခံလက်မှတ်ကို ခွင့်ပြုချက်မရရှိဘဲ အခြားသူတစ်ဦးအား လွှဲပြောင်းလုပ်ကိုင်ဆောင်ရွက်စေခြင်းမပြုရ။

၂၁။ မည်သူမျှ စာကြည့်တိုက်၊ ပြတိုက်တို့ကိုခွင့်ပြုထားသည့် လုပ်ငန်းကိစ္စရပ်များမှအပ အခြားနည်း သုံးစွဲခြင်း မပြုရ။
၂၂။ မည်သူမျှ စာကြည့်တိုက်နှင့် ပြတိုက် မှတ်ပုံတင်သက်သေခံ လက်မှတ်ကို ယာယီရပ်ဆိုင်းခြင်း၊ ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းပြုလုပ်ထားစဉ် ကာလအတွင်းဆက်လက် ဖွင့်လှစ်ပြသခြင်း မပြုရ။
၂၃။ မည်သူမျှ ဤဥပဒေအရပြုသည့် နည်းဥပဒေများ၊ စည်းမျဉ်း နှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက် ဖျက်ခြင်း မပြုရ။

## အခန်း(၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၄။ မည်သူမဆို ပုဒ်မ ၁၉ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက် ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်၃လ အထိဖြစ်စေ၊ ငွေဒဏ် သုံးသောင်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
၂၅။ မည်သူမဆိုပုဒ်မ၂၀၊ ပုဒ်မ၂၁နှင့် ပုဒ်မ၂၂ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူကို၆လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
၂၆။ မည်သူမဆို ပုဒ်မ၂၃ ပါတားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူကို ၁

နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၁၀)
## အထွေထွေ

၂၇။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မည်သည့် စာကြည့်တိုက်၊ ပြတိုက်ကိုမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် တစ်ခုခုနှင့်သက်ဆိုင်ခြင်းမှ စည်းကမ်းချက်များထား၍ဖြစ်စေ၊ မထားဘဲဖြစ်စေ ကင်းလွတ်ခွင့် ပြုနိုင်သည်။

၂၈။ ဤဥပဒေမပြဋ္ဌာန်းမီက စာကြည့်တိုက်နှင့် ပြတိုက်တည်ထောင်ဖွင့်လှစ်နေသူသည် ဆက်လက်တည်ထောင် ဖွင့်လှစ်လိုပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်သက်သေခံလက်မှတ်ရယူရန် ထပ်မံလျှောက်ထားရမည်။

၂၉။ ဤဥပဒေမပြဋ္ဌာန်းမီက စာကြည့်တိုက်၊ ပြတိုက်နှင့်စပ်လျဉ်း၍ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၀။ ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေတစ်ခုခုနှင့်အညီဖြစ်စေ သဘောရိုးဖြင့်ဆောင်ရွက်သည့် ကိစ္စတစ်ခုခုအတွက် မည်သူ့ကိုမျှ တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ စွဲဆိုခြင်း မပြုရ။

၃၁။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၃၂။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။

၃၃။ ကော်မတီဝင်များ၏ စရိတ်ချီးမြှင့်ငွေနှင့် ဤဥပဒေအရ ကော်မတီက ဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ပြည်နယ်ဘဏ္ဍာငွေမှ ကျခံရမည်။

၃၄။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည်လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

(ဂ) ကော်မတီသည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) လဂျွန်ငန်ဆိုင်း
ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့